အသင်တို့သည် မတရားပြုခြင်းမှ ရှောင်ကြဉ်ကြပါ။

ဧကန်စင်စစ် မတရားပြုခြင်းသည် ကိယာမသ်နေ့တွင်

(မတရားပြုသူအပေါ်၌ )အမှောင်ထုများ ဖြစ်လိမ့်မည်။

ထို့ပြင် အသင်တို့သည် လောဘကြီးကာ

စေးနှဲတွန့်တိုခြင်းကိုလည်း ရှောင်ကြဉ်ကြပါ။

ဧကန်စင်စစ် လောဘကြီးကာ စေးနှဲတွန့်တိုခြင်းသည်

သင်တို့မတိုင်မီ ရှိခဲ့ကြသူများအား ပျက်ဆီးစေခဲ့သည်

ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "အသင်တို့သည်
မတရားပြုခြင်းမှ ရှောင်ကြဉ်ကြပါ။ ဧကန်စင်စစ် မတရားပြုခြင်းသည် ကိယာမသ်နေ့တွင်
(မတရားပြုသူအပေါ်၌ )အမှောင်ထုများ ဖြစ်လိမ့်မည်။ ထို့ပြင် အသင်တို့သည်
လောဘကြီးကာ စေးနှဲတွန့်တိုခြင်းကိုလည်း ရှောင်ကြဉ်ကြပါ။ ဧကန်စင်စစ် လောဘကြီးကာ
စေးနှဲတွန့်တိုခြင်းသည် သင်တို့မတိုင်မီ ရှိခဲ့ကြသူများအား ပျက်ဆီးစေခဲ့သည်။
ယင်းသည် ၎င်းတို့အချင်းချင်း သွေးချောင်းစီးအောင် သတ်ဖြတ်စေခဲ့သည်။ ထို့ပြင်
အလ္လာဟ်အရှင်မြတ် ဟရာမ်အဖြစ်သတ်မှတ်ထားသော အရာများကို ဟလာလ်အဖြစ်ပြုလုပ်သတ်မှတ်ခဲ့ကြသည်။" [صحيح] [رواه مسلم]

တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မတရားမှု ကျူးလွန်ခြင်းမှသတိပေးတားမြစ်တော်မူခဲ့သည်။ ယင်းတွင် လူသားချင်းချင်း မတရားမှု ကျူးလွန်ခြင်း၊မိမိကိုယ်မိမိ မတရားမှုပြုခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အခွင့်အရေးနှင့်ပတ်သတ်ပြီးမတရားမှုပြုခြင်းတို့ ပါဝင်သည်။ မတရားကျူးလွန်ခြင်းဆိုသည်မှာ ရပိုင်ခွင့်ရှိသူအား၎င်း၏အခွင့်အရေးကို မပေးခြင်းပင် ဖြစ်သည်။ မတရားကျူးလွန်ခြင်းသည် ကိယာမသ်နေ့တွင်မတရားကျူးလွန်သူများအပေါ်၌ အမှောင်ထုများ ဖြစ်လိမ့်မည်။ တစ်နည်းအားဖြင့်ယင်းကြောင့် ခက်ခဲသော အခြေအနေများနှင့် ကြောက်မက်ဖွယ်ရာများကိုရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်သည်။ ထိုနည်းတူ တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် 'ရွှတ်ဟ်' မှလည်း တားမြစ်တော်မူခဲ့သည်။ 'ရွှတ်ဟ်' ဆိုသည်မှာ လောဘကြီးခြင်းနှင့်အတူအလွန်အမင်း စေးနှဲတွန့်တိုခြင်းဖြစ်သည်။ ၎င်းတွင် ငွေကြေးဆိုင်ရာရပိုင်ခွင့်များကို ပေးအပ်ရာတွင် လျစ်လျူရှုခြင်းနှင့် လောကီအပေါ် ပြင်းပြသောလောဘထားခြင်းတို့ ပါဝင်သည်။ ဤမတရားမှု အမျိုးအစားသည် ကျွန်ုပ်တို့မတိုင်မီရှိခဲ့သော လူမျိုးများကို ဖျက်ဆီးပစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည်၎င်းတို့အချင်းချင်း တိုက်ခိုက်သတ်ဖြတ်စေခဲ့ပြီး၊ အလ္လာဟ်အရှင်မြတ်ဟရာမ်အဖြစ်သတ်မှတ်ထားသော အရာများကို ဟလာလ်အဖြစ် ပြုလုပ်သတ်မှတ်‌ စေခဲ့သည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee